# တုဝဋကသုတ္တန်တရားတော်

(ခုသုတ္တနိပါတ်၄၂၀)

## (မဂ်ဖိုလ်နိဗ္ဗာန်အမြန်သိမြင်ရန် တရားကျင့်သူများ လိုက်နာရမည့်တရားတော်)

### နိမ္မိတမြတ်စွာဘုရားမေးမြန်းချက်

**ပုစ္ဆာမိ တံ အာဒိစ္စဗန္ဓု ၊ဝိဝေကံ သန္တိပဒဥ္စ မဟေသိ။**

**ကထံ ဒိသွာ နိဗ္ဗာတိ ဘိက္ခု၊ အနုပါဒိယာနော လောကသ္မိံ ကိဉ္စိ။**

အို မြတ်စွာဘုရား–အရှင်ဘုရားကို မေးပါရစေ။ သံသရာဘေးမြင်၍ ကျင့်သူသည် ဝိဝေကသုံးပါးနှင့်နိဗ္ဗာန်ကို ဘယ်နည်းဘယ်ပုံသိမြင်လျှင် လောကမှာဘာကိုမျှမစွဲ–လမ်းတော့ပဲ ငြိမ်းချမ်းပါသနည်း။

### ပကတိမြတ်စွာဘုရားဖြေကြားချက်

**မူလံ ပပဉ္စသင်္ခါယ၊ မန္တာ အသ္မီတိ သဗ္ဗ’မုပရုန္ဓေ ။**

**ယာ ကာစိ တဏှာ အဇ္ဈတ္တံ၊တာသံ ဝိနယာ သဒါ သတော သိက္ခေ။**

ပပဉ္စတရား၏အရင်းခံ–အဝိဇ္ဇာနှင့် မာနကို (ဝိပဿနာညာဏ် မဂ်ညာဏ်ဖြင့်) သိမြင်လျှင် အာလုံးချုပ်ငြိမ်းနိုင်၍ မိမိသန္တာန် သို့မဟုတ် မိမိစိတ်မှာ တဏှာ– မှန်သမျှမဖြစ်အောင် မမေ့မလျော့ကျင့်ရာ၏။ (သတိပဋ္ဌာန်အကျင့် ကျင့်ပါ)

**ယံ ကိဉ္စိ ဓမ္မ’မဘိဇညာ၊ အဇ္ဈတ္တံ အထဝါပိ ဗဟိဒ္ဓါ။**

**န တေန ထာမံ ကုဗ္ဗေထ၊ န ဟိ သာ နိဗ္ဗုတိ သတံ ဝုတ္တာ။**

မိမိမှာရှိတဲ့ဂုဏ်နှင့် ဆရာသမားမှာရှိတဲ့ဂုဏ်ကို အကြောင်းပြု၍ မာန်မထောင်နှင့်။ မာန်ထောင်ခြင်းကို နိဗ္ဗာန် (ငြိမ်းအေးခြင်း)ဟု–သူတော်ကောင်းများ မဆိုကြပေ။

**သေယျော န တေန မညေယျ၊ နီစေယျော အထဝါပိ သရိက္ခော။**

**ဖုဋ္ဌော အနေကရူပေဟိ၊ နာ’တုမာနံ ဝိကပ္ပယံ တိဋ္ဌေ။**

ဂုဏ်ဖြင့် သူ့ထက်မြင့်သူ၊ သူ့ အောက်နိမ့်သူ၊ သူနဲ့ တန်းတူဟူ၍ မထင်မှတ်နှင့်။ အာရုံအမျိုးမျိုးတွေ့ကြုံသော်လည်း(ငါမြင်သည်၊ ငါကြားသည်၊စသည်ဖြင့်) ငါဟူ၍ ဘဝင်မကိုင်နှင့်။

**အဇ္ဈတ္တမေဝုပသမေ ၊ န အညတော ဘိက္ခု သန္တိမေသေယျ။**
**အဇ္ဈတ္တံ ဥပသန္တဿ၊ နတ္ထိ အတ္တာ ကုတော နိရတ္တာ ဝါ။**

ကိုယ်တွင်းကိလေသာမီးကို ငြိမ်းပါ၊ သတိပဋ္ဌာန်အကျင့်ကိုမကျင့်ပဲ တခြား– အကျင့်ဖြင့် ကိလေသာငြိမ်းခြင်း– နိဗ္ဗာန်မရှာနှင့်၊ ကိလေသာငြိမ်းသော သူမှာ အတ္တမရှိ၍သေပြီးလျှင် အတ္တကောင် (ငါကောင်) မရှိဟူသော အသိအမြင်မှားခြင်း အရှင်းမရှိနိုင်ပေ။

**မဇ္ဈေ ယထာ သမုဒ္ဒဿ၊ ဦမိ နော ဇာယတီ ဌိတော ဟောတိ။**
**ဧဝံ ဌိတော အနေဇဿ၊ ဥဿဒံ ဘိက္ခု န ကရေယျ ကုဟိဉ္စိ။**

သမုဒ္ဒရာအလယ်မှာ လှိုင်းမရှိ၍တည်ငြိမ်နေသလို လှုပ်ရှားတတ်သော တဏှာမရှိ၍ အာရုံအမျိုးမျိုးကြောင့်မလှုပ်ရှားပဲ တည်တည်ငြိမ်ငြိမ်နေနိုင်ရန်တရားကျင့်သူသည် ကိုယ်တွင်းကိုယ်ပမှာ ဘာကိုမျှမစွဲလမ်းနှင့်။

## နိမ္မိတမြတ်စွာဘုရားမေးမြန်းချက်

**အကိတ္တယီ ဝိဝဋစက္ခု၊ သက္ခိဓမ္မံ ပရိဿယဝိနယံ။**
**ပဋိပဒံ ဝဒေဟိ ဘဒ္ဒန္တေ၊ ပါတိမောက္ခံ အထဝါပိ သမာဓိံ။**

မြတ်စွာဘုရား–ဘေးရန်ပယ်ရှားတတ်သော မျက်မြင်ကိုယ်တွေ့တရားနှင့် မျက်မြင်ကိုယ်တွေ့တရား၏အခြေခံ သီလ သမထ ဝိပဿနာအကျင့်တို့ကို ဟောပြပါဦး။

## ပကတိမြတ်စွာဘုရားဖြေကြားချက်

**စက္ခူဟိ နေဝ လောလဿ၊ ဂါမကထာယ အာဝရယေ သောတံ။**
**ရသေ စ နာနုဂိဇ္ဈေယျ၊ န စ မမာယေထ ကိဉ္စိ လောကသ္မိံ။**

သံသရာဘေးမြင်၍တရားကျင့်သူသည် စက္ခုန္ဒြေများကို စောင့်ထိမ်းပါ။ ရပ်စကား ရွာစကား နားမထောင်နှင့်။ အစားအသောက် မမက်မောနှင့်။ လောကမှာရှိသမျှ မြတ်နိုးတွယ်တာမနေနှင့်။

**ဖဿေန ယဒါ ဖုဋ္ဌဿ၊ ပရိဒေဝံ ဘိက္ခု န ကရေယျ ကုဟိဉ္စိ။**
**ဘဝဉ္စ နာ’ဘိဇပ္ပေယျ၊ ဘေရဝေသု စ န သမ္ပဝေဓေယျ။**

သံသရာဘေးမြင်၍တရားကျင့်သူသည် ဘေးအန္တရာယ်ကြုံတဲ့အခါ မကြောက်နှင့်။ ဘဝသုံးပါးကိုလည်း မတောင်းတနှင့်။ ဘေးအန္တရာယ်အမျိုးမျိုးကြောင့် မလန့်နှင့်။

**အန္နာန’မထော ပါနာနံ၊ ခါဒနီယာနံ အထောပိ ဝတ္ထာနံ။**
**လဒ္ဓါ န သန္နိဓိံ ကယိရာ၊ န စ ပရိတ္တသေ တာနိ အ. လဘမာနော။**

စားဖွယ်သောက်ဖွယ်အဝတ်အထည်များရလျှင် အပိုအလျှံသိမ်းဆည်း မထားနှင့်။ မရလျှင်လည်း မပူပန်နှင့်။

ဈာယီ န ပါဒလောလဿ၊ ဝိရမေ ကုက္ကုစ္စာ နပ္ပမဇ္ဇေယျ။
အထာ’သနေသု သယနေသု၊ အပ္ပသဒ္ဒေသု ဘိက္ခု ဝိဟရေယျ။

သံသရာဘေးမြင်၍တရားကျင့်သူသည် သမာဓိရအောင် အားထုတ်ပါ။ အသွားအလာ မများနှင့်။ လက်ခြေ ကမြင်းကျောမထနှင့်။သီလ သမာဓိ ပညာ ပြည့်စုံအောင်အားထုတ်ဘို့ မမေ့နှင့်။ တိတ်ဆိတ်တဲ့ နေရာအိပ်ရာမှာ နေထိုင်ပါ။

**နိဒ္ဒံ န ဗဟုလီကရေယျ၊ ဇာဂရိယံ ဘဇေယျ အာတာပီ။**
**တန္ဒိံ မာယံ ဟဿံ ခိဍ္ဍံ၊ မေထုနံ ဝိပ္ပဇဟေ သဝိဘူသံ။**

အအိပ်အနေ နည်းပါ။ မပြတ်ရှုပွားလျက် နိုးနိုးကြားကြား နေပါ။ ပျင်းရိခြင်း မဖြစ်အောင် တရားနှလုံးသွင်းနေပါ။ လှည့်စားခြင်း (အပြစ်ကို သူတပါးမသိအောင် ဟန်ဆောင်ကွယ်ဝှက်ခြင်း) ရယ်မောခြင်း ကစားခြင်း အလှပြင်ဆင်ခြင်း နှင့် မေထုန်မှုကိုရှောင်ပါ။

**အာထဗ္ဗဏံ  သုပိနံ လက္ခဏံ၊ နော ဝိဒဟေ အထောပိ နက္ခတ္တံ။**
**ဝိရုတဉ္စ ဂဗ္ဘကရဏံ၊ တိကိစ္ဆံ မာမကော န သေဝေယျ။**

ရတနာသုံးပါးကိုးကွယ်သူ (ဆည်းကပ်သူ)သည် ဗေဒင်မဟောနှင့်။ အိပ်မက်အကျိုး အပြစ် မဟောနှင့်။ လက္ခဏာမကြည့်နှင့်။ နက္ခတ်အကျိုးအပြစ် မဟောနှင့်။ သားငှက်မြည်သံ အကျိုးအပြစ် မဟောနှင့်။ ကိုယ်ဝန်ရရေး ဆေးမပေးနှင့်။ ဆေးမကုနှင့်။

**နိန္ဒာယ နပ္ပဝေဓေယျ၊ န ဥဏ္ဏမေယျ ပသံသိတော ဘိက္ခု။**
**လောဘံ သဟ မစ္ဆရိယေန၊ ကောဓံ ပေသုဏိယဥ္စ ပနုဒေယျ။**

ယောဂီသည် ကဲ့ရဲ့ခြင်းကြောင့် မတုန်လှုပ်နှင့်။ ချီးမွမ်းခြင်းကြောင့် မာန်မတက်နှင့်။ မနှမျောနှင့်။ မလိုချင်နှင့်။ စိတ်မဆိုးနှင့်။ ဂုံးမတိုက်နှင့်။

**ကယဝိက္ကယေ န တိဋ္ဌေယျ၊ ဥပဝါဒံ ဘိက္ခု န ကရေယျ ကုဟိဉ္စိ။**
**ဂါမေ စ နာ'ဘိသဇ္ဇေယျ၊ လာဘကမျာ ဇနံ န လပယေယျ။**

ယောဂီသည် ဈေးရောင်း ဈေးဝယ် မလုပ်နှင့်။ ကဲ့ရဲ့ဖွယ်မှန်သမျှ ဘာကိုမျှ မလုပ်နှင့်။ မြို့ရွာနေသူ လူများကို မခင်တွယ်နှင့်။ လာဘ်လာဘရအောင် လူများကို သွေးမဆောင်နှင့် (မစည်းရုံးနှင့်)။

**န စ ကတ္ထိတာ သိယာ ဘိက္ခု၊ န စ ဝါစံ ပယုတ္တံ ဘာသေယျ။**
**ပါဂဗ္ဘိယံ န သိက္ခေယျ၊ ကထံ ဝိဂ္ဂါဟိကံ န ကထယေယျ။**

ယောဂီသည် မကြွားဝါနှင့်။ ပစ္စည်းဥစ္စာရရေး ရေလာမြောင်းပေးစကား မပြောနှင့်။ ကိုယ် နှုတ် စိတ် မကြမ်းတမ်းနှင့်။ ခွန်းကြီးခွန်းငယ် မငြင်းခုံနှင့်။

**မောသဝဇ္ဇေ န နီယေထ၊ သမ္ပဇာနော သဌာနိ န ကယိရာ။**
**အထ ဇီဝိတေန ပညာယ၊ သီလဗ္ဗတေန နာ'ည'မတိမညေ။**

ယောဂီသည် မလိမ်ညာနှင့်။ သိလျက်မကောက်ကျစ် မစဉ်းလဲနှင့်။ အသက်မွေး ဝမ်းကျောင်း အတတ်ပညာ ကိုယ်ကျင့်တရားနဲ့ ပတ်သက်၍ သူတပါးကို မထေမဲ့မြင် မလုပ်နှင့်( မကဲ့ရဲ့နှင့်)။

**သုတွာ ရုသိတော ဗဟုံ ဝါစံ၊ သမဏာနံ ဝါ ပုထုဇနာနံ ။**
**ဖရုသေန နေ န ပဋိဝဇ္ဇာ၊ န ဟိ သန္တော ပဋိသေနိ ကရောန္တိ။**

ရဟန်း ရှင် လူများ ကဲ့ရဲ့ရှုပ်ချပြစ်တင်ခြင်းခံရသော ယောဂီသည် ကဲ့ရဲ့သူများကို တုန့်ပြန်မချေပနှင့်။ သူတော်ကောင်းများသည် ရန်ကိုရန်ခြင်းမတုန့်လျှင်းကြကုန်။

**ဧတဉ္စ ဓမ္မ'မညာယ၊ ဝိစိနံ ဘိက္ခု သဒါ သတော သိက္ခေ။**
**သန္တီတိ နိဗ္ဗုတိံ ဉတွာ၊ သာသနေ ဂေါတမဿ န ပမဇ္ဇေယျ။**

သီလ သမထ ဝိပဿနာအကျင့်ကိုသိသောယောဂီသည် ရုပ်နာမ် အဖြစ်အပျက်ကို ဝိပဿနာဉာဏ်ဖြင့်စူးစမ်းဆင်ခြင်လျှက် မမေ့မလျော့ တစိုက်မတ်မတ်ကျင့်လေရာ နိဗ္ဗာန် (ငြိမ်းအေးချမ်းသာခြင်း) ကို သိမြင်၍ ဂေါတမမြတ်စွာဘုရားသာသနာကို မမေ့နိုင်ပေ။ (မစွန့်လွှတ်နိုင်ပေ)

**အဘိဘူ ဟိ သော အန’ဘိဘူတော၊ သက္ခိဓမ္မ’မနီတိဟ’မဒဿီ။**

**တသ္မာ ဟိ တဿ ဘဂဝတော သာသနေ၊ အ. ပ္ပမတ္တော သဒါ နမဿ’မနုသိက္ခေ”တိ။**

ယောဂီသည် အာရုံခြောက်ပါး အနှိပ်အစက် မခံရသောတရားကို မျက်မြင်ကိုယ်တွေ့ သိမြင်ခဲ့၍ မြတ်စွာဘုရားသာသနာ(အဆုံးအမ)မှာ သတိပဋ္ဌာန်အကျင့်ကို အမြဲမပြတ် ကျင့်သုံးနေရာ၏။